မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
August 5 , 2025 Volume 93, Number 3

၅. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၃.၃၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၅၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၉.၀၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၆.၁၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၄ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# မကွေးတွင် နှမ်း၊ မြေပဲ စုပေါင်းရောင်းချပွဲ ကျင်းပမည်



မကွေးတိုင်းဒေသကြီးမှာ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) စနစ်နဲ့စိုက်ပျိုးထားတဲ့ နှမ်း၊မြေပဲတွေစုပေါင်းရောင်းချပွဲကို ဩဂုတ် ၁၉ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်တယ်လို့ မကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးတိုးတက်ရေးအသင်းက သိရပါတယ်။

လက်ရှိဈေးကွက်မှာ အရည်အသွေးကောင်းမွန်တဲ့ စမုန်နှမ်းနက်တစ်တင်းကို ကျပ်နှစ်သိန်းရှစ်သောင်းနဲ့ နှမ်းဖြူတစ်တင်းကို ကျပ်တစ်သိန်းဝန်းကျင်အောက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။

GAP စနစ်နဲ့စိုက်ပျိုးထားတဲ့နှမ်း၊ မြေပဲတွေ စုပေါင်းရောင်းချပွဲကို ၂၀၁၇ ကတည်းက ကျင်းပလာတာဖြစ်ပြီး တောင်သူတွေအတွက် အဆင်ပြေတယ်လို့ သိရပါတယ်။

GAP စနစ်နဲ့စိုက်ပျိုးတဲ့မြေပဲ၊နှမ်းအပြင် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲ၊ စားတော်ပဲ စတဲ့ သီးနှံတွေကိုလည်း စုပေါင်းရောင်းချပွဲပြုလုပ်ပေးတယ်လို့ မကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဟန်ညွန့်က ပြောပါတယ်။

နှမ်း၊ မြေပဲ စုပေါင်းရောင်းချပွဲကို မကွေးမြို့၊ သင်ကြားရေးဆေးရုံလမ်းရှိ မြင့်မြတ်တော်ဝင်ကုမ္ပဏီဂိုဒေါင်မှာ နှစ်စဉ်ကျင်းပတာဖြစ်ပါတယ်။ GAP စနစ်နဲ့ စိုက်ပျိုးတဲ့သီးနှံတွေဟာ ဈေးပိုကောင်းတဲ့အတွက် မကွေးတိုင်းဒေသကြီးအတွင်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုစိတ်ဝင်စားပြီး စိုက်ပျိုးတဲ့တောင်သူတွေများလာတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ ယခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်မှစတင်ပြီး လက်ရှိအချိန်ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ပိဿာအများအပြားကိုဝယ်ယူနေတာပါ။လတ်တလောအနေနဲ့ တစ်ရက်ကို နေလှန်းဆားပိဿာ ၂၅၀၀ ကနေ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းနေပါတယ်။အခုလိုဆားအရောင်းအဝယ်ကောင်းလာတော့ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေလာပါတယ်''ဟု ၎င်းကပြောသည်။

ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ၊ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ဈေးနှုန်းများ တည်ငြိမ်စေမည်ဖြစ်ပြီး ဆားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဆက်စပ်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၈-၇-၂၀၂၅ မှ ၁-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၀၉,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၂၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၈၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၄,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ်

၁၅၅၀၀ စျေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီး စျေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ (၃၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၇၀၀ (၃၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၁၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ စျေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) စျေးနှုန်း များမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၅၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၀၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာ နှင့် သကြားများ စျေးငြိမ် လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၈-၇-၂၀၂၅ မှ ၁-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးစျေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) စျေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၅၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၃၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၁၅၀ နှင့် မုံရွာ လတ်ချော ကျပ် ၇၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ မုံရွာသစ်ရှယ် ကျပ် ၁၅၀ ၊ မုံရွာလတ် ကြီး ကျပ် ၅၀ ၊ မုံရွာလတ်သန့် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးစျေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ စျေးငြိမ်လျက် ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကားစီးရေ ၄၅ စီး (၂၇၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) စျေးနှုန်းမှာ ကြူကုတ်(ရှယ်) ကျပ် ၁၀၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၁၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀ အောင်ပန်းထူး-၄ ကျပ် ၆၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၃၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ စျေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၅၀၀(၁၀၅,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၆၀၀ (၁၀၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀ (၃,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့်တရုတ်မှ အာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း Ok ကျပ် ၄၃၀၀၊ အောင်ပန်း S1 ကျပ် ၄၅၀၀ နှင့် တရုတ်အာလူး ကျပ် ၄၈၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း Ok ကျပ် ၅၀၀၊ အောင်ပန်း S1 ကျပ် ၅၀၀ နှင့် တရုတ်အာလူး ကျပ် ၁၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၃ စီး(၁၉၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈ စီး(၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကား စီးရေ ၁၅ စီး (၉၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## စဉ့်ကိုင်မြို့နယ်၌ ငရုတ်သီးများ လှိုင်လှိုင်ထွက်ပေါ်ပြီး အနယ်နယ် အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ ငရုတ်သီးများလှိုင်လှိုင်ထွက်ပေါ်ပြီး အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စဉ့်ကိုင်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သောငရုတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ် ငရုတ်စိုက်ရာသီတွင် စဉ့်ကိုင် မြို့နယ်အတွင်း စုစုပေါင်း ငရုတ်စိုက်ဧက ၁၅၈၄ ဧက စိုက်ပျိုးခဲ့ပြီး ယခုအခါ ဧက ၁၂၀၀ ကျော် ခူးဆွတ်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသ၌ငရုတ်များကိုနှစ်စဉ်ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင်စိုက်ပျိုးကြပြီး ဧပြီလနှင့် ဇူလိုင်လတို့ တွင် ခူးဆွတ်လေ့ရှိရာ ယခုအခါ ငရုတ်သီးများလှိုင်လှိုင် ထွက်ပေါ်ချိန်ဖြစ်ကြောင်း၊ ထွက်ရှိလာသော ငရုတ်သီးများကို အနယ်နယ်အရပ်ရပ်ရှိဒေသများနှင့် ရန်ကုန်၊ မန္တလေး မြို့တို့အထိ တင်ပို့ရောင်းချကြကြောင်း သိရသည်။

စိုက်ပျိုးသောငရုတ်မျိုးများမှာ သာမို၊ ဒီမွန်၊ အက်စတာ၊ ၆၉၂ နှင့် ကျားခေါင်းငရုတ်မျိုးများ ဖြစ်ကြောင်း၊ ငရုတ်များကို ပင်ကြား၊ တန်းကြား ၃ ပေအကွာထား၍ ပေါင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခနှင့် လုပ်သားခစရိတ်များ ကုန်ကျမှုရှိပြီး တစ်ဧကလျှင် ငရုတ်ပိဿာ ၄၀၀ မှ ၄၅၀ ခန့် ထွက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/

## OPEC+ အဖွဲ့ဝင်နိုင်ငံများ ရေနံထုတ်လုပ်မှု တိုးမြှင့်မည်



အိုပက်+မဟာမိတ်နိုင်ငံတွေက ရေနံတိုးမြှင့်ထုတ်လုပ်ဖို့ သဘောတူခဲ့ကြပြီး ဒီလို တိုးမြှင့်ထုတ်လုပ်မှုကြောင့် ရေနံဈေးနဲ့ဓာတ်ဆီဈေးတွေ လျော့ကြသွားမယ်လို့ ယုံကြည်ကြောင်း CNA သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ဩဂုတ် ၃ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ အဖွဲ့ဝင် ၈ နိုင်ငံက စက်တင်ဘာလမှာ တစ်နေ့ကို ရေနံစည်ပေါင်း ၅၄၇,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။

ဒီနိုင်ငံတွေထဲမှာ ဆော်ဒီအာရေဗျ၊ ရုရှား၊အီရတ်၊ ယူအေအီး၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်လ်ဂျီးရီးယားနဲ့ အိုမန်တို့ ပါဝင်ပါတယ်။ဒီနိုင်ငံတွေဟာ နိုဝင်ဘာလမှာ စတင်ခဲ့တဲ့ ဆန္ဒအလျောက် ရေနံထုတ်လုပ်မှု လျှော့ချရေးအစီအစဉ်ကို ၂၀၂၆ စက်တင်ဘာလမတိုင်ခင်မှာ ရပ်ဆိုင်းလိုက်တာဖြစ်ပါတယ်။ အိုပက်+ အဖွဲ့ရဲ့ဆုံးဖြတ်ချက်ဟာ ရေနံဈေးကွက် တည်ငြိမ်မှုရှိစေဖို့ ရည်ရွယ်တယ်လို့ ကူဝိတ်ရေနံဝန်ကြီး တာရစ်အယ်လ်ရူမီက ချီးကျူးပြောဆိုခဲ့ပါတယ်။

ဈေးကွက်မှာ ရုရှားရေနံတွေ ဆုံးရှုံးမှု ဖြစ်လာနိုင်ခြေ ရှိတာကြောင့် ဘရန့်ရေနံစိမ်းဟာ တစ်စည်ကို အမေရိကန် ဒေါ်လာ ၇၀ နီးပါး အရောင်းအဝယ်ဖြစ်နေပါတယ်။အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဩဂုတ် ၇ ရက် မှာ ရုရှားနဲ့ယူကရိန်း ငြိမ်းချမ်းရေးသဘောတူညီမှု မရရင် ရုရှားရဲ့ စွမ်းအင်ကဏ္ဍကို အရေးယူပိတ်ဆို့သွားမယ်လို့ ခြိမ်းခြောက်ထားပါတယ်။ဒါ့ကြောင့် ဒီနိုင်ငံ ၈ နိုင်ငံက စက်တင်ဘာလ ၇ ရက်မှာ ထပ်မံတွေ့ဆုံသွားဦးမယ်လို့ အိုပက်က သတင်းထုတ်ပြန်ချက်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

**Source:** https://onenewstvchannel.com/b

## ကမ္ဘာ့ထိပ်တန်း ပီလောပီနံတင်ပို့မှု အများဆုံးနိုင်ငံအဖြစ်သို့ ထိုင်းရောက်ရှိ



ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ပီလောပီနံတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း ထိပ်ဆုံးနေရာကိုထိန်းသိမ်းထားနိုင်ရန် ရည်မှန်းထားကြောင်း ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အဆိုပါ ဝန်ကြီးဌာနရှိ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Arada Fuangtong က မကြာသေးမီက သတင်းထောက်များအား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပထမ ၅ လအတွင်း ပီလောပီနံတန်ချိန် ၄.၀၆ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၃၇ ဒသမ၀၆ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း၊ ယခုနှစ် တစ်နှစ်ပတ်လုံး တင်ပို့မှုသည် တန်ချိန် ၇ ဒသမ၅ သန်းအထိ ရောက်ရှိလာနိုင်ပြီး နိုင်ငံတကာတွင် ထိပ်တန်းစီးပွားဖြစ် ပီလောပီနံတင်ပို့သည့်နိုင်ငံအဖြစ် ၂ နှစ်ဆက်တိုက် ရပ်တည်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပီလောပီနံအတွက် မကြာသေးမီက စူးစမ်းလေ့လာတွေ့ရှိထားသည့် ဈေးကွက်သစ်များနှင့်အလားအလာရှိသော ဝယ်လက်ဈေးကွက်များဆိုင်ရာ နောက်ဆုံးရသတင်းများကို ထိုင်းတင်ပို့သူများထံ မျှဝေပေးနိုင်ရန် ၎င်း၏ဌာနမှ အကောင် အထည်ဖော်မည့် အစီအစဉ်သည် ဤရည်မှန်းချက် အောင်မြင်ရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု Arada Fuangtongက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ကြီးမားသောဈေးကွက်အပြင် ထိုင်းပီလောပီနံကို ဝယ်လိုအားများသည့် အခြားဝယ်လက်များမှာ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ ကုမ္ပဏီများ ဖြစ်ကြသည်။

ထိုင်းပီလောပီနံတင်ပို့သူများအနေဖြင့် ၎င်းတို့၏ တင်ပို့မှုများကို အထူးသဖြင့် တိရစ္ဆာန် အစာလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ကဏ္ဍများကဲ့သို့ နောက်ထပ် အလားအလာရှိသော ကဏ္ဍ အသစ်များသို့ ချဲ့ထွင်သင့်သည်ဟု Ms. Arada က အကြံပြုထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ယခုနှစ် အစပိုင်း၌ ပီလောပီနံဈေးနှုန်းများသည် ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သော်လည်း နောက်ဆုံးရ ကိန်းဂဏန်းအချက်အလက်များအရ ကမ္ဘာတစ်ဝှန်းမှ ဝယ်လိုအားများပြားလာမှုကြောင့် ထိုင်းတွင်စိုက်ပျိုးသော ပီလောပီနံ၏ ပြည်တွင်းဈေးနှုန်းသည် ပျမ်းမျှအားဖြင့် ၁ ကီလိုဂရမ်လျှင် ၂ ဘတ်အထိ နှစ်ဆတိုးမြင့်လာခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ၃၀ ရက်နေ့အထိ ဗန်ကောက်မြို့ရှိ စျေးဝယ်စင်တာနှင့် စီးပွားရေးအထိမ်းအမှတ် အဆောက်အဦဖြစ်သည့် ICONSIAM တွင် ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ၇ ကြိမ်မြောက် ကမ္ဘာ့ ပီလောပီနံညီလာခံ၌ ပါဝင်ဆွေးနွေးကြမည့် ကမ္ဘာတစ်ဝှန်းရှိ ဝယ်လက်များထံက အနည်းဆုံး ဘတ်ငွေသန်း ၃၀၀ တန်ဖိုး ရှိသော အမှာစာအသစ် များရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

**Source:ThaiPBSWorld,30Jul2025**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ၂၀၂၅ ဒုတိယနှစ်ဝက်၌ စားအုန်းဆီတင်ပို့မှု ပြန်လည်အားကောင်းလာရန် မလေးရှားမျှော်လင့်

စားအုန်းဆီ အဓိကတင်ပို့ရာ ဈေးကွက်များတွင် ပွဲတော်ရာသီဝယ်လိုအား ကောင်းမွန်မှု ကြောင့် ယခု ၂၀၂၅ ခုနှစ်၊ ဒုတိယ နှစ်ဝက်တွင် စားအုန်းဆီတင်ပို့မှု ပြန်လည်ကောင်းမွန်လာမည်ဟု မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က မျှော်လင့်လျက် ရှိကြောင်း The Edge Malaysia သတင်းဌာနက ဇူလိုင်လ ၂၈ ရက်နေ့တွင် ဖော်ပြထားသည်။

စားအုန်းဆီ၏ ဈေးနှုန်းအရ ဆွဲဆောင်မှုနှင့် စားသုံးဆီကြိမ်းများအတွက် သွင်းကုန်အခွန် နိမ့်ကျခြင်းတို့အရ အထူးသဖြင့် ပွဲတော်ရာသီအတွက် စားအုန်းဆီသိုလှောင်မှုလက်ကျန်ပမာဏကို ဖြည့်တင်းရန်လိုအပ်နေသည့် အိန္ဒိယမှ ဝယ်လိုအား ကောင်းမှု ကို ဖြစ်စေသည်ဟု MPOB မှ ညွှန်ကြားရေးမှူးချုပ် Mr. Datuk Dr Ahmad Parveez Ghulam Kadir က မလေးရှား Bernama သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း မလေးရှားနိုင်ငံမှ စားအုန်းဆီနှင့် ဆီအုန်းအခြေခံ ထုတ်ကုန်များ တင်ပို့မှုသည် တန်ချိန် ၁၁ ဒသမ ၃၉ သန်းသာရှိသည့်အတွက် ယခင်နှစ် ကာလတူ တင်ပို့မှုအောက် ၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း MPOB ၏ ကိန်းဂဏန်းများအရ သိရသည်။

အိန္ဒိယ၊တရုတ်၊ ဥရောပသမဂ္ဂ၊ဘင်္ဂလားဒေ့ရှ်နှင့်အီဂျစ်နိုင်ငံတို့၌ စားအုန်းဆီဝယ်လိုအားနည်းပါးလာခြင်းကြောင့် မလေးရှား စားအုန်းဆီ တင်ပို့မှုသည် ယခုနှစ် နှစ်ဝက်ကာလအတွင်း တန် ချိန် ၆ ဒသမ ၉၅ သန်းသာရှိပြီး ၂၀၂၄ ခုနှစ်နှင့် ကာလတူ နှိုင်းယှဉ်ပါက ၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းမှုရှိခဲ့သည်။ သို့သော် ဖိလစ်ပိုင်၊ အီရန်၊ ကင်ညာနှင့် နိုင်ဂျီးရီးယားနိုင်ငံများသို့ တင်ပို့မှုပမာဏမှာ တိုးတက်မှုရရှိခဲ့သည်။

ယခုနှစ်တွင် ပို့ကုန်ပမာဏတန်ချိန် ကျဆင်းသွားသော်လည်း မလေးရှားနိုင်ငံ၏ စားအုန်းဆီနှင့်ဆီအုန်းအခြေခံထုတ်ကုန် တင်ပို့မှုမှရရှိသည့် ပို့ကုန်ဝင်ငွေမှာ ရင်းဂစ် ၅၃ ဒသမ ၄၃ ဘီလီယံအထိ ရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် စားအုန်းဆီတင်ပို့မှုတန်ဖိုး ရင်းဂစ် ၃၄ ဘီလီယံနီးပါးရှိခဲ့ကြောင်း Mr. Ahmad Parveez က ပြောကြားခဲ့သည်။

မလေးရှား၏ ၂၀၂၅ ခုနှစ် တစ်နှစ်ပတ်လုံးအတွက် စားအုန်းဆီတင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် စံချိန်တင် တင်ပို့ခဲ့သည့် တန်ချိန် ၁၆ ဒသမ ၉ သန်း အောက်သို့ ၅ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းနိုင်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယဈေးကွက်တွင် အစားအသောက်ဝန်ဆောင်မှုများ၊ အိမ်သုံးပစ္စည်းနှင့် အစားအစာ ထုတ်လုပ်ရေးကဏ္ဍတို့တွင် ဝယ်လို အားသည် အထူးအားကောင်းလျက်ရှိကြောင်း၊ သို့သော်လည်း စိန်ခေါ်မှုအချို့ရှိနေပြီး ၎င်းတို့အနက် အိန္ဒိယ၏ သွင်းကုန် အခွန်မူဝါဒသည် တစ်ခုအပါအဝင် ဖြစ်ကြောင်း အထူးသဖြင့် သွင်းကုန်အခွန်များကို မကြာခဏပြုပြင်ပြောင်းလဲ သတ်မှတ် ခြင်းဖြစ်ကြောင်း၊ မကြာသေးမီက စားအုန်းဆီကြိမ်းအပေါ် ၂၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် သန့်စင်ပြီးစားအုန်းဆီ အပေါ် ၃၅ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကာ ထိရောက်သော အခွန်အခများ သတ်မှတ်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းက စားအုန်းဆီ၏ သဘာဝအရ ဈေးနှုန်းအားသာချက်ကို ပဲပုပ်ဆီနှင့် နေကြာဆီကဲ့သို့သော အဆင့်မြင့်စားသုံးဆီများနှင့်နှိုင်းယှဉ်ရာတွင် ကွာဟမှု

နည်းပါးသွားစေကြောင်း Mr. Ahmad Parveez က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ စားသုံးဆီများနှင့် စားအုန်းဆီဆိုင်ရာ အမျိုးသားမစ်ရှင်အဖွဲ့လက်အောက်၌ ပြည်တွင်း ဆီထွက်သီးနှံများ ထုတ်လုပ်မှုအားကောင်းလာစေရန် ရည်ရွယ်၍ဖော်ဆောင်သော အိန္ဒိယနိုင်ငံ၏ မူဝါဒရည်မှန်းချက်ကို မလေးရှားနိုင်ငံအနေဖြင့် အသိ အမှတ်ပြုသော်လည်း ထိုသို့သော ဆောင်ရွက်မှုများသည် စားအုန်းဆီတင်သွင်းမှု ကုန်ကျစရိတ်ကို တိုးမြင့်လာစေပြီး ကြိုတင်ခန့်မှန်းနိုင်မှုနည်းပါးစေကြောင်း Mr. Ahmad Parveez က ဆိုသည်။

ကမ္ဘာ့ပဲပုပ်ဆီ အများအပြား ထုတ်လုပ်မှုနှင့်အတူ စားအုန်းဆီ၏ ပရီမီယံအဆင့် ဈေးနှုန်းမြင့်မားမှုအရ ၂၀၂၃ ခုနှစ်၌ အိန္ဒိယ၏ ဟင်းသီးဟင်းရွက်ဆီ တင်သွင်းမှုများတွင် စားအုန်းဆီပါဝင်မှုသည် ၅၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၄၆ ရာခိုင်နှုန်းသို့ ကျဆင်းစေခဲ့ကြောင်း၊ သို့သော် ယခုနှစ် ပထမနှစ်ဝက်၌ အိန္ဒိယစားအုန်းဆီတင်သွင်းမှုတွင် မလေးရှား၏ ပါဝင်မှုသည် ၃၅ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းသာရှိခဲ့ကြောင်းဖြင့် မလေးရှားစားအုန်းဆီ ကောင်စီ အမှုဆောင်အရာရှိချုပ် Ms. Belvinder Sron က ဇူလိုင်လ တတိယရက်သတ္တပတ်အတွင်း နယူးဒေလီမြို့၌ ကျင်းပခဲ့သော စားသုံးဆီလုပ်ငန်းဆိုင်ရာ ညီလာခံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**Source:TheEdgeMalaysia,28Jul2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## STOCK EXCHANGE (5.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,444 (Shares) | 41,903,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 445 | 3,159,500 | 33,109,694 | 235,079 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 3,156 | 10,320,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 3 | 23,400 | 10,400,986 | 81,128 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,547 | 3,016,700 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,600 | 2,550 | 940 | 2,442,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 610 | 976,150 | 19,977,223 | 31,964 |
| AMATA | 00007 | 3,550 | +0 | +0.00% | 3,350 | 3,550 | 3,350 | 502 | 1,682,100 | 10,497,598 | 37,267 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 241 | 783,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.82 | -0.53 | -0.15% | 360.89 | 363.13 | 359.67 | 7,444 | 22,403,750 | 8 | 682,456 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 17,564 (Shares) | 42,258,750 (MMK) |

## Main Board

As of 1:00 pm, 5th Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,444 (Shares) | 41,903,750 (MMK) |

| MYANPIX | 361.82 ▼ 0.53 |
|---|---|
| Total Volume (shares) | 7,444 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,456 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,550 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR